# သံမဏိနှင်းဆီ

ရေဝေး တဲ့
ဆရာ နဲ့ ကျွန်တော် အနေဝေး ရတော့မယ်။

ပူရှိန်ပြင်း လွန်းလှရဲ့
ဒီကောင့်ရင်ထဲ
နေဆယ်စင်း မက ထွန်းလင်းခဲ့။

တဂျုန်းဂျုန်း တဂျိုင်းဂျိုင်း လမ်းကလေးပေါ်
ကယိမ်းကယိုင် ကျွန်တော် လျှောက်လာခဲ့
ပခုံးပေါ်မှာ လေးနင့်သိပ်သည်း
ဆရာဟာ ကမ္ဘာကြီး ဖြစ်မှန်း
ဒီနေ့ကျမှ ကျွန်တော် သိခဲ့ရ
ဆရာကတော့ မျက်လွှာကိုချ
ငြိမ်သက်စွာ လိုက်လာပေရော့မယ်။

ဆရာရေ
ဖြူဖွေးမွှေ့ရွ
ဆံနွယ်ဆံစ တွေနဲ့
ဆရာတာ လာပြီ
တာရာလာပြီ
ကဗျာဆရာ လာပြီ
တခါသားက
ဆရာတာဟာ ကဗျာဆရာ စစ်စစ်
ဆရာ့ရဲ့ ပိုင်းဆစ် ရုပ်ပုံလွှာ
ကျွန်တော့် မျက်လုံးထဲမှာ မြင်လာတယ်။

ဆရာရေ
ဒီအချိန်ဆို တော်လှန်ဟစ်ကြွေး
ကိုကိုးကျွန်း က တေးသံ
လေထုထဲမှာ ညံနေပေရော့မယ်။

မနာလိုစရာ ကောင်းလွန်းရဲ့
ဒီ ဦးခေါင်းဟာ သာမန် ဦးခေါင်းမဟုတ်
ဘယ်သူ ငြင်းချက် ထုတ်မလဲ
ဆုငွေ ထုတ်ခံရတဲ့ ဦးခေါင်း
ဒါ ဆရာ့ ငယ်ဘဝ ဇာတ်ကြောင်းပေါ့
လေညင်း ကို မမျှော်
မုန်တိုင်း မှာ ပျော်ခဲ့
တိုက်ပွဲကိုမင်

တိုက်ပွဲဝင်ခဲ့
ကျွန်တော်တို့ဟာ ရှေ့ဆက်သွားရ ဦးမှာပဲ
ဆရာဟာ အကောင်းဆုံး လက်ဆင့်ကမ်းသမား ဖြစ်ခဲ့
ဒဏ်ရာတွေကို ဖယ်ပြီး
ကျန်တာတွေကို လက်ဆင့်ကမ်းခဲ့
ဟောဟိုမှာ ရှိုက်သံသဲ့သဲ့
မြေနီကုန်းမှာ တစ်ပိုင်း ဝင်ချခဲ့သတဲ့လား
လူတိုင်းရင်ထဲ မြည်တွင်ထုဆစ်
ဒီရေမြင့်သစ် ခဲ့ရတယ်။

ဆရာရေ
ကိုအုန်းမြင့်လှိုင်က
ဆရာ့ကို ပတ္တမြားတဲ့
ပျောက်သွားတဲ့ ငမောက်
ခု ကျွန်တော့်ရှေ့ ပြန်ရောက်လာတယ်။

ဆရာရေ
မြနန္ဒာ ပါတယ်
ကိုနန္ဒာ နဲ့ ရဲမြင့် ပါတယ်
ဒေါင်းတစ်ကောင် ပါတယ်
ပျားရည်တစ်အိုး ပါတယ်
တူ ပါတယ်
တံစဉ် ပါတယ်
အသွားထက်ထက်
ကလောင်တစ်လက် ပါတယ်
တစ်ခုပဲ
ဒီကနေ့မှာ အသံမပါဘူး
ဒီကနေ့မှာ အသက်မပါဘူး
အဲဒီ ဖေဖော်ဝါရီ ၁၈
ကျွန်တော် ပြက္ခဒိန်က ခြစ်ပစ် လိုက်ချင်တယ်။

ဆရာရေ
တစ်ခါက သထုံမှာ
ဒေသန္တရ ဗဟုသုတ ဖွေရှာ
လူမှုဘဝ ဝေဒနာ တွေနဲ့
ခွဲဖြာသိမ်းထုပ်
စာရင်းချုပ်ရင်
ရေခဲ ဟာ အရည်ပျော် ရမတဲ့
တစ်ခါတစ်ခေါက်

ဆရာ နဲ့ သထုံ ပြန်ရောက်ချင်သေးတယ်။

ဆရာရေ
တခါသားက
ရွှေပြည်သာမှာ
နေခြည်ဖြာတဲ့ မနက်
ကျွန်တော်တို့ ပျော်ပျော်ပါးပါး
စားကြသောက်ကြ တေးဆိုကြ
ဆရာလှုထွတ် ရဲ့ စန္ဒရားလက်သံ
ဆရာ့ရဲ့ တယောထိုးသံ
ခု ချက်ချင်း နားမှာ လျှံလာတယ်။

ဆရာရေ
အဖော်ကောင်းလျှင် ငရဲပြည်သို့ လိုက်မည့်သူတဲ့
အဖွဲ့အကြောင်း တစွန်းတစ
တစ်ခါက ဆရာ ရေးချခဲ့ဖူးတယ်။

ခုထက်ထိ နီစွေးနေဆဲ
ဆရာရေ

ဆရာ့ကို အခု ထမ်းပိုးလာသူဟာ သံချောင်း
ကျွန်တော်တို့ ဒီနေ့ ကံမကောင်းခဲ့
မျက်ရည်စတွေ ပြိုးပြက်ဖိတ်လက်
လိုနေတာဟာ ဓားတစ်လက်ပေါ့
ဒီတင်ပဲ
ခွမ်းခန် ရေအိုးကွဲခဲ့
ပေါင်းစည်းရင်း ကွဲလွဲစေ
ကွဲလွဲရင်း ပေါင်းစည်းစေ
ကမ္ဘာမြေရေ
ဂုဏ်ပြုအပ်သူ ကို ဆီးကြိုပေတော့ တဲ့
လေရူးသုန်သုန် နဲ့
မီးခိုးပြာဝေ
ဆရာရေ
မြန်မာပြည် ကို ဆက်လို့ စောင့်ရှောက်ရစ်လေတော့ ။ ။

ကျွန်တော့် နာမည် နဲ့ အမှတ်တရ လက်ဆောင်
စာအုပ်ဟောင်းကလေး ပြန်လှန်ကြည့်
ဆရာ့လက်ရေး

၁၈.၂.၉၈ တွင် ကွယ်လွန်သွားသော ဆရာမြသန်းတင့်သို့

ညိုထက်ညို